
ဘောင်လေး
(အညတရ)
မဟူရာနှင့်ရေယဉ်ကတော်နှင့်
ကဏဝမိစ္ဆာ

## မဟူရာနှင့် ရေယဉ်ကတော်နှင့် ကဝေမိစ္ဆာ
## အခန်း(၁)

"ဝုန်း ... ဂျိမ်း"

ရုတ်တရက် ခြိမ်းလိုက်တဲ့မိုးခြိမ်းသံကြောင့် ဆေးဥများ တူးနေတဲ့ စောရ တစ်ယောက် ကောင်းကင်ပေါ်ကို မော့ကြည့်မိလိုက်တယ်။ အာကာတစ်ခွင် လုံးကလည်း ပိန်းပိတ်မှောင်နေပြီး မိုးရိပ်မိုးသားများကလည်း မည်းနက် နေသည်။

ဒီနေ့ ဆေးဥများတူးတာလည်း သိပ်မရ သားကောင်ကလည်း တစ်ကောင်တစ်မြီးမှ မတွေ့ရတာကြောင့် အတော်လေးကို စိတ်ပျက်နေ တယ်။

မြိုင်မဟာတောင်ကြီးကလည်း ဒီနေ့ချောက်ချားနေသည်ဟု စောရစိတ်ထဲ တွင် ထင်မိတယ်။ မြိုင်မဟာတောကြီးက မွန်ဂိုရွာနဲ့စောရအတွက်တော့ မ စိမ်းလှသောနေရာတစ်ခု ဖြစ်သည်။ ဒီတောကြီးက မွန်ဂိုရွာအတွက် စား ရေးသောက်ရေးအပြင် ဆေးဝါးများလည်း တူးဖော်လို့ရတာကြောင့် ရိက္ခာ အိုးကြီးဆိုရင်လည်း မမှားပေ။

သို့သော် ဒီနေ့မှ ထူးထူးခြားခြား တောကြီးက တိတ်ဆိတ်နေပြီး သားကောင်များရဲ့ အော်သံများကလည်း မကြားရတာကြောင့် အနည်းငယ် ကြောက်စိတ်ဝင်သွားတယ်။

ဒါပေမဲ့ စိတ်ကိုပြန်တင်းထားလိုက်ပြီး ရထားတဲ့ ဆေးဥတွေကိုတောင်းထဲ

ထည့်ကာ အိမ်ကိုပြန်ဖို့ ခြေလှမ်းလိုက်တဲ့အချိန် ...

"ဟေ့လူ"

သူ့ရဲ့အနောက်ကနေ သူ့ကိုခေါ်နေတဲ့ အသံတစ်သံ ကြားလိုက်တာကြောင့် လှည့်ကြည့်လိုက်တော့ ကျောက်ဖျာတစ်ချပ်ပေါ်မှာ လဲကျနေတဲ့လူတစ်ယောက်ကို တွေ့ရတယ်။

စောရလည်း အဲဒီလူအနားကို တိုးကပ်သွားကြည့်တော့ သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာတွေ ပြည့်နှက်နေတယ်။

ဒါကြောင့် စောရလည်း ဘယ်ရယ် မစဉ်းစားတော့ပဲ တူးလို့ရထားတဲ့ ဆေးရွက်အနည်းငယ်နဲ့ ဆေးဥတွေကို အဲဒီလူရဲ့ ဒဏ်ရာတွေကို သုတ်လိမ်းပေးလိုက်တယ်။

"ခင်ဗျား ဒဏ်ရာတွေက အတော်များတာပဲ ဘယ်လိုဖြစ်လာတာလဲ"

"မကောင်းတဲ့လူတစ်စုက ဝိုင်းအနိုင်ကျင့်လို့ပါဗျာ ဒါနဲ့ ဆေးကုပေးတာ ကျေးဇူးပါဗျာ"

"ရပါတယ်ဗျာ ကျွန်တော်က ကူညီတတ်ပါတယ် ခင်ဗျား အခုဘယ်ကိုပြန်မှာလဲ"

"ကျွန်တော့်မှာ ပြန်စရာ အိမ်မရှိဘူးဗျ"

"ဟမ် ... ဒါဖြင့် ကျုပ်အိမ်ကိုလိုက်ခဲ့လေဗျာ ခင်ဗျားဒဏ်ရာတွေသက်သာမှ ပြန်ပေါ့"

ထိုလူလည်း ခေါင်းကိုညိတ်ယုံသာ ညိတ်ပြတယ်။ ပြီးတော့ မတ်တတ်ထရပ်လိုက်ပေမဲ့ မထနိုင်ပဲ ပြန်လဲကျသွားတယ်။

ဒါကိုမြင်တော့ စောရကမနေတတ်တော့ပဲ ဆေးတောင်းကို ခါးတွင်ချိတ်ကာ ထိုလူကိုပွေ့ချီလိုက်ပြီး ရွာထဲကိုပြန်ရန်အတွက် ခြေလှမ်းတွေကို စတင်

လှမ်းလိုက်တယ်။

သူများတကာကို ကူညီချင်သောစောရတစ်ယောက် သူပွေ့ချီလာတဲ့သူက တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သူ့ကိုပြန်ပြီး ဒုက္ခပေးနိုင်တယ်ဆိုတာ သူမသိပါဘူး။

ဒီလိုနဲ့ စောရတစ်ယောက် အဲဒီလူရဲ့ ဒဏ်ရာတွေကိုကုပေးရင်းနဲ့ အိမ်မှာခေါ်ထားတာ တစ်ပတ်ခန့်ကြာတော့ အဲဒီလူရဲ့ဒဏ်ရာတွေကလည်း ပျောက်စပြုလာပြီ။ တစ်နေ့နှစ်ယောက်သား လက်ဖက်ရည်သောက်ပြီး စကားစမြည်း ပြောဆိုကြတယ်။

"ခင်ဗျားက ဘယ်မှာနေတာလဲ"

"ဒီရွာနဲ့ ဆယ်မိုင်လောက်ဝေးတဲ့ သမင်ကုန်းရွာမှာနေပါတယ်"

"သြော် ... အဲဒါကြောင့် ခင်ဗျားကို ကျုပ်မမြင်ဖူးတာ ... ကျုပ်နာမည်မှတ်ထားပါစောရတဲ့"

"ဟုတ်ကဲ့ ကျုပ်နာမည်က ရုပ်တ္တပါ"

စောရနဲ့ရုပ်တ္တတို့စကားပြောနေကြပေမဲ့ စောရစိတ်ထဲမှာ ရုပ်တ္တကို သိပ်ပြီးသဘောမကျ ဖြစ်နေတယ်။ ရုပ်တ္တက စကားလည်းသိပ်မပြောဘူး တစ်ခွန်းမေးတစ်ခွန်းဖြေ ဒီလောက်ပဲ ပြောတယ်။ ထူးဆန်းတာက သူဘယ်တော့မှ ဘုရားမရှိခိုးသလို စောရဘုရားရှိခိုးရင်လည်း တစ်နေရာရာကို ရှောင်ထွက်သွားတတ်တယ်။

ပြီးတော့ ဘုရားစင်အနားကိုလည်း မကပ်ဘူး။ အမြဲတမ်း အိမ်ရှေ့ကွပ်ပျစ်မှာပဲ ထိုင်နေတတ်တယ်။ တစ်ခါတစ်ရံ စောရတောထဲသွားသလို ဘာလိုလိုနဲ့ မသွားပဲ အနီးနားက သစ်ပင်အနားကနေ သူ့ကိုချောင်းကြည့်နေတယ်။

ရုပ်တ္တက စောရတောထဲသွားပြီဆိုတာနဲ့ ထိုင်ရာကနေထပြီး တစ်

နေရာရာကို ထွက်သွားတတ်တယ်။ ဒါပေမဲ့ စောရပြန်လာတဲ့အချိန်ဆိုရင် သူပြန်ရောက်နေပြီ။ စောရကမေးချင်ပေမဲ့ အားနာတာကြောင့် မမေးဘဲ ဒီအတိုင်းပဲနေလိုက်တယ်။

တစ်နေ့ စောရတို့ ထမင်းစားနေစဉ် ရုပ်တ္တက စောရလည်ပင်းက ဆွဲကြိုကိုကြည့်ပြီး .........

"စောရ ခင်ဗျားလည်ပင်းကဆွဲကြိုးကို ဘယ်သူပေးတာလဲဗျ"

ရုပ်တ္တရဲ့အမေးကြောင့် စောရ သူ့လည်ပင်းကဆွဲကြိုးကို ပြန်စမ်းကြည့်မိလိုက်တယ်။

"သြော် ... ဒီဆွဲကြိုးလား အဖေရှိတုန်းက ပေးထားတာဗျ အန္တရာယ်ကင်းတယ်ဆိုလို့ ဆွဲထားတာ ဘာဖြစ်လို့လဲ"

"သြော် ... ဘာမှမဖြစ်ပါဘူး သက်သက်မေးကြည့်တာပါ"

ရုပ်တ္တက ဘာမှမဖြစ်ပါဘူးလို့ ပြောလိုက်ပေမဲ့ သူ့ရဲ့မျက်လုံးတွေက စောရရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ဆွဲကြိုးကနေ မခွာတော့တာကို စောရ သတိထားမိတယ်။

ရုပ်တ္တမေးတော့မှ စောရလည်း သူ့လည်ပင်းက ဆွဲကြိုးအကြောင်းကို အတွေးထဲမှာ ဖျတ်ခနဲပေါ်လာတယ်။

စောရ လည်ပင်းက ဆွဲကြိုးက သာမန်ဆွဲကြိုးမဟုတ် တနဂ်နွေသားရဲ့ လည်ပင်းကသွေးနဲ့ စီရင်လျှင် အလွန်အစွမ်းသည်ဟူ၍ အဖေကပြောပြဖူးတယ်။

ဒီဆွဲကြိုးကို ဘယ်သူမှမပေးဖို့ အဖေ အမြဲတမ်းမှာသည်။

ဒီဆွဲကြိုးကြောင့်လည်း အဖေသေခဲ့ရတယ်။ ဆွဲကြိုးအကြောင်းကို တွေးမိတိုင်း သူ့လက်ပေါ်မှာ သေသွားတဲ့ အဖေ့ရဲ့ပုံရိပ်တွေက အတွေးထဲကို ဝင်

ရောက်လာတယ်။

ဟုတ်တယ် အဲဒီနေ့ကိုစောရ အမြဲတမ်း မှတ်မိတယ်။ မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက်က အဖေ့ဆီက ဆွဲကြိုးကိုတောင်းနေတာ အဖေကမရှိတော့ဘူး လွှင့်ပစ်လိုက်ပြီလို့ပြောတော့ စိတ်တိုသွားပြီး သူ့လက်ထဲကထွက်လာတဲ့ အနက်ရောင် အလင်းတန်းနဲ့ အဖေ့ကိုပစ်လိုက်တာ အဖေလည်း အဲဒီလူရဲ့အလင်းတန်းကိုထိမှန်ပြီး လဲကျသွားတယ်။

ပြီးတော့ ပါးစပ်ကနေလည်း သွေးတွေထွက်နေတာ အဲဒီလူကဆွဲကြိုးကိုမရတော့ အဖေ့ကိုနှိပ်စက်ပြီး ဆဲဆိုကြိမ်းမောင်းကာ ထွက်သွားတယ်။ အဲဒီလူကြီးထွက်သွားတော့ ကျွန်တော်လည်း ပုန်းနေတဲ့သစ်ပင်အနောက်ကနေထွက်လာတယ်။

အဖေက ကျွန်တော့်ကိုမြင်တော့ သူ့အိတ်ကပ်ထဲကနေ အနက်ရောင်ဆွဲကြိုးလေးကို ထုတ်ပေးပြီး ကျွန်တော့်ကို ဒီနေရာကနေပြေးဖို့ပြောတယ်။ ဒါပေမဲ့ ကျွန်တော်က ခေါင်းခါပြလိုက်တယ် ဒါကိုအဖေက ......

"သား အဖေ့ကို ချစ်ရင် ဒီဆွဲကြိုးလေးကိုယူပြီးပြေးတော့ ကဝေကောင်ကပြန်လာနိုင်တယ်"

ကျွန်တော်လည်း ကျလာတဲ့မျက်ရည်ကို သုတ်ပြီး အဖေ့ကို နှုတ်ဆက်၍ထွက်သွားပါတော့တယ်။ ကျွန်တော် အဖေ့မျက်နှာကို မမြင်ရသည်မှာ ဆယ်နှစ်ပင်ကျော်ခဲ့ပြီ အဖေခေါင်းချသွားတဲ့နေရာကို တစ်ခါတလေ သွားကြည့်မိပြီး အလွမ်းဖြေတယ်။

ကျွန်တော်ထွက်ပြေးလာတဲ့ နေ့ကစပြီး မွန်ဂိုရွာမှာနေလာတာ အခုအသက်အရွယ်ထိပါပဲ မွန်ဂိုရွာသူရွာသားတွေကလည်း ကျွန်တော့်ကိုချစ်ကြတယ်။ ဘယ်ကရောက်လာမှန်း မသိပေမဲ့ သူတို့က ကျွေးမွေးပြုစုစောင့်ရှောက်ကြတယ်။

မွန်ဂိုရှာက ကျွန်တော့်အပေါ်မှာ ကျေးဇူးတွေ အများကြီးရှိပါတယ်။ ဒါကြောင့် အဖေမရှိတော့ပေမဲ့ မွန်ဂိုရှာသူရှာသားတွေနဲ့ကျွန်တော်ပျော်ပါတယ်။

"စောရ ကျွန်တော်ပြောတာ ကြားလား"

အတွေးလွန်နေတဲ့ စောရတစ်ယောက် ရုပ်တ္တပြောတဲ့စကားတွေကို သတိမမူမိဘဲ ရုပ်တ္တလက်ကိုလာကိုင်တော့မှ သတိဝင်လာတယ် ...

"ဗျာ ရုပ်တ္တ ခင်ဗျား ဘာပြောလိုက်တာလဲ"

"ခက်လိုက်ပါဘိ ဒီလူနဲ့နှယ် ကျွန်တော်ပြောတာတောင် မကြားဘူး ဘာတွေအတွေးလွန်နေတာလဲ ကျွန်တော်ပြန်တော့မယ်လို့ပြောတာ"

"ဟမ် ... ပြန်တော့မှာလားဗျ ဗြုန်းစားကြီး"

"ဟုတ်တယ်ဗျ ကျုပ်အိမ်ကိုသတိရလို့ ပြီးတော့ ဒီမှာနေတာကလည်း တစ်ပတ်ကျော်လောက် ရှိပြီဆိုတော့ ခင်ဗျားကိုလည်း အားနာလာလို့ပါ အခုလို ဆေးကုပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ ... ပြန်ချင်သပဆိုလည်း ပြန်ပါ ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး"

"ကောင်းပါပြီ အဲဒါဆို ကျုပ်ကိုသွားခွင့်ပြုပါဦး"

ရုပ်တ္တလည်း စောရကိုနှုတ်ဆက်ပြီး ရွာအပြင် လမ်းမလေးအတိုင်း ထွက်သွားကာ ချုံပင်များဖြင့်ကွယ်ပြီး တိုးဝှေ့ပျောက်ကွယ်သွားတယ်။ စောရကတော့ သူ့ကို နှုတ်ဆက်ပြီး ထွက်သွားတဲ့ရုပ်တ္တရဲ့ကျောပြင်ကို ကြည့်ပြီး ဆေးတောင်းကိုယူကာ ဆေးဖော်ရန်အတွက် အိမ်နောက်ဖေးကို ဝင်သွားလေတယ်။

***